# Acer Portable Projector C120




လက်တစ်ဝါးသာသာ အရွယ်အစားရှိတဲ့ Acer portable projector C120 ဟာ ရုံးလုပ်ငန်းနဲ့ meeting တွေမှာ အသုံးပြုဖို့နဲ့ ကျောင်းသားကျောင်းသူတွေအတွက် သင့်တော်နိုင်ပါတယ်။ အရွယ်အစားက သေးပေမယ့် သူ့ရဲ့ စွမ်းဆောင်ရည်ကိုတော့ လျှော့တွက်လို့ မရပါဘူး။ အလေးချိန် 180g သာ ရှိတာကြောင့် notepad တစ်အုပ် ထက်တောင် ပေါ့ပါးပါသေးတယ်။ Computer နဲ့ ချိတ်ဆက်ပြီး ငါးစက္ကန့်အတွင်း သုံးနိုင်မှာဖြစ်လို့ စောင့်ရတာ စိတ်သိပ်မရှည်တတ်တဲ့သူတွေအတွက်လည်း အဆင်ပြေပါတယ်။ ပြီးတော့ LED Technology ကို အသုံးပြုထားလို့ တိကျပြတ်သားတဲ့ ရုပ်ထွက်နဲ့အတူ စွမ်းအင်သုံးစွဲမှုကိုပါ ချွေတာပေးနိုင်ပါတယ်။ Resolution အနေနဲ့ Native WVGA (854 x 480) ဖြစ်ပြီး Maxiumum WXGA (1280 x 800) အထိ ရနိုင်ပါတယ်။

Contrast ratio ကတော့ 1000 : 1 ဖြစ်ပြီး standard mode အနေနဲ့ 100 ANSI Lumens ၊ Eco mode အနေနဲ့ 75 Lumens ရှိပါတယ်။ ၂၅ လက်မ အရွယ်အစားရှိတဲ့ Acer Foldable Screen ပါရှိကာ folder ပုံစံပြုလုပ်ပြီး အလွယ်တကူ သိမ်းဆည်း သယ်ဆောင်သွားနိုင်ပါတယ်။ Acer Notebook ရှိပြီးသားဆိုရင်တော့ Acer adapter နဲ့ တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ထူးခြားတာကတော့ lamp life ကို 2000hrs အသုံးပြုလို့ရပြီး power သီးခြားမလိုဘဲ USB 3.0 နဲ့ လွယ်ကူစွာ ချိတ်ဆက်နိုင်တာကြောင့် အဆင်ပြေစေမယ့် portable projector တစ်လုံး ဖြစ်ပါတယ်။ ■

တန်ဖိုး – ၂၈၇,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# SATA 3 support လုပ်တဲ့ USB 3 external hard drive

ဒီ external hard drive ဟာ SATA 3 (600 Gbps) hard drive တွေ တပ်သုံးနိုင်ပြီး PC နဲ့ဆက်ဖို့က USB 3.0 interface သုံးထားပါတယ်။ USB 3.0 data cable နဲ့ USB port ကနေ USB 3.0 အတွက် power ပေးမယ့် ပါဝါကြိုးလေးပါ တွဲပါပါမယ်။ SATA 3 hard drive တွေ မရှိခဲ့ရင်လည်း SATA 2 (300 Gbps) hard drive တွေ တပ်သုံးနိုင်ပါတယ်။ SATA 2 နဲ့ SATA 3 ထက်စာရင် USB 2.0 နဲ့ USB 3.0 က ပိုအရေးကြီးပြီး USB 2.0 ထက် USB 3.0 က file တွေလွှဲပြောင်းရာမှာ သိသိသာသာ ပိုမြန်ပါတယ်။ USB 3.0 exrternal drive တွေ အများစုက hard drive တွေပါ တွဲပြီး ရောင်းချထားလို့ hard drive ရှိပြီးသား၊ ဒါမှမဟုတ် ပမာဏသေးတဲ့ hard drive တွေ တပ်သုံးချင်တဲ့ သူတွေအတွက် အဆင်ပြေပါလိမ့်မယ်။ USB 3.0 support လုပ်တဲ့ motherboard တွေလည်း အသုံးများနေပြီး လိုအပ်ခဲ့ရင် USB 3.0 PCI-e expansion card လေးကို ဝယ်သုံးနိုင်ပါတယ်။ ■




တန်ဖိုး – ၉,၈၀၀ ကျပ်ဝန်းကျင်

f@x computer

၉၅၁–၃၈၀၀၉၈၈ ၊ ၀၉–၇၃၀၁၃၈၃၆

# D-Link DIR-457U wireless G router

D-Link က ထုတ်လုပ်ထားပြီး My Pocket mobile broadband router လေးက 3G ရော Wi-Fi နဲ့ပါ တွဲသုံးနိုင်ပါတယ်။ 3G phone မိတဲ့နေရာတိုင်းမှာ သုံးနိုင်ပါမယ်။ Mobile router အနေနဲ့သာမက Wi-Fi router အနေနဲ့ပါသုံးနိုင်လို့ Wi-Fi သုံးနိုင်တဲ့ ပစ္စည်းတွေအချင်းချင်း file share လုပ်နိုင်ပါတယ်။ Sim Card ထည့်သုံးဖို့ slot ပါပြီး Micro SD card အတွက်လည်း slot တစ်ခုပါပါတယ်။ Wi-Fi နဲ့ 3G ပြောင်းသုံးဖို့အတွက် router ကို ဖွင့်နေစရာ မလိုဘဲ ပြောင်းပေးတဲ့ခလုတ်လေးပါလို့ ပိုအဆင်ပြေပါတယ်။ Security အတွက် WPA/WPA2 encrypt support လုပ်ပြီး firewall လည်း build-in ထည့်ပေးထားပါတယ်။ အရွယ်အစား 110×65× 13.6 mm ပဲရှိပြီး အလေးချိန် 103 gm လေးပါတယ်။ အာမခံသက်တမ်းကာလ တစ်နှစ်ပေးထားပါတယ်။



တန်ဖိုး – ၉၅,၀၀၀ ကျပ်ဝန်းကျင်

Asia Tech computer

၃၉၂၉၅၁၊ ၃၉၂၉၅၂၊ ၃၉၂၉၅၃

# Acer ASM1930 system unit



Second Generation Processor နဲ့ Intel Dual Core G850 (2.9 GHz) တို့ တပ်ဆင်ထားတဲ့ Acer ASM1930 က အိမ်သုံးနဲ့ရုံးသုံးအတွက် အဆင်ပြေစေတယ်လို့ သိရပါတယ်။ DDR3 2 GB memory ထည့်သွင်းထားတာကြောင့် multitasking ကောင်းကောင်း ပြုလုပ်နိုင်တဲ့အပြင် ATI Radeon HD7350 1 GB graphic က graphic အသုံးပြုတဲ့ app တွေကို ကောင်းကောင်းထောက်ပံ့ပေးလို့ လုပ်ငန်းတွေကို လျင်မြန်စွာ လုပ်ကိုင်နိုင်ပါတယ်။ HDD 500 GB ကလည်း ကိုယ့်ရဲ့ များပြားလှတဲ့ data တွေကို လုံလောက်စွာ သိမ်းဆည်းပေးနိုင်မှာပါ။ DVD Super Multi Double Layer တပ်ဆင်ထားပြီး line phone တွေနဲ့ ချိတ်ဆက်ကာ internet အသုံးပြုနိုင်ဖို့ 56 Kbps modem နဲ့ LAN တို့ပါဝင်လို့ computer တွေနဲ့ အလွယ်တကူ ချိတ်ဆက် အသုံးပြုနိုင်ပါလိမ့်မယ်။

Acer keyboard ၊ mouse နဲ့ speaker တွေလည်း ပါဝင်တာကြောင့် Acer branded desktop တစ်လုံးအဖြစ် သုံးချင်တယ်ဆိုရင် Acer monitor တွေနဲ့ တွဲဖက်သုံးလိုက်ရုံပါပဲ။ ASM1930 ဟာ branded desktop ကို ကြိုက်နှစ်သက်သူတွေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေကို အထောက်အကူပြုပေးနိုင်တဲ့ desktop မျိုး ရှာဖွေနေသူတွေအတွက် ရွေးချယ်စရာတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားနိုင်ပါတယ်။

တန်ဖိုး – ၃၈၁,၀၀၀ ကျပ်ဝန်းကျင်

(Without Monitor)

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# Acer Aspire AOD 270 (limited edition) balloon carnival

Intel ရဲ့ atom CPU အသစ်ကို အသုံးပြုထားတဲ့ Acer Aspire AOD 270 netbook အသစ် ဈေးကွက်အတွင်း ရောက်ရှိလာပါတယ်။ Acer ရဲ့ netbook ပရိသတ်တွေအတွက် အကောင်းဆုံးတွေနဲ့ တင်ဆက်ထားတဲ့ ဒီ AOD လေးဟာ ပွဲတော်မှာ နှစ်သက်ပျော်ရွှင်ဖွယ်ရာ ရောင်စုံရေစက်လေးတွေ အဖြူရောင်အောက်ခံမှာ လွင့်စင်ထားသလိုမျိုး စွဲမက်ဖွယ်ရာ design ဖြစ်ပြီး touch pad နဲ့ လက်တင်တဲ့နေရာတွေကိုပါ အရောင်တူညီစွာ ပြုလုပ်ထားတဲ့ နှစ်သက်ဖွယ် design လေးပါ။




မြန်နှုန်းမြင့်၊ သေးငယ်ပြီး သယ်ယူရလွယ်ကူမယ်၊ style ကျပြီး ဈေးနှုန်းချိုသာတဲ့ netbook ကို ရှာဖွေသူတွေအတွက် Intel ရဲ့ atom CPU အသစ်ကို အသုံးပြုထားတဲ့ Acer Aspire AOD 270 ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာက ထွက်ရှိထားတဲ့ Intel Atom N2800 Dual Core (1.86 GHz) ကို အသုံးပြုထားတာက ထူးခြားသာလွန်တဲ့စွမ်းဆောင်ရည်ကို ပြုလုပ်ပေးနိုင်ခြင်း၊ Full HD ကို ကောင်းမွန်စွာ ထောက်ပံ့ပေးနိုင်ခြင်းအပြင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးလို့ battery ကို သက်တမ်းကြာမြင့်စွာ အသုံးပြုနိုင်ပါတယ်။

2GB DDR3 1333 memory တပ်ဆင်ထားတာက လျင်မြန်မှုကိုဖြစ်ပေါ်စေပြီး 320 hard disk က လုံလောက်တဲ့သိုလှောင်မှုကို ရရှိစေမှာပါ။ Intel GMA 3650 graphic chipset ကို အသုံးပြုထားတာက ကောင်းမွန်တဲ့ ရုပ်ထွက်တွေကို တိကျပြတ်သားစွာ ကြည့်ရှုနိုင်ပြီး HD movie ၊ game တွေကို အသုံးပြုနိုင်ပါတယ်။ HDMI port တွေပါတဲ့အတွက် အများထက်သာလွန်ပြီး HDMI TV တွေနဲ့ချိတ်ဆက်ပြီး ကြည့်ရှုနိုင်ပြီ ဖြစ်ပါတယ်။

မြန်နှုန်းမြင့် LAN ၊ wireless LAN တို့ တပ်ဆင်ထားပြီး bluetooth ၊ camera ၊ cardreader တို့ပါရှိပါတယ်။ ■

တန်ဖိုး – ၂၆၅,၀၀၀ ကျပ်ဝန်းကျင်

**Shwe Lamin Nagar CO LTD**

၂၂၁၆၈၃ ၊ ၂၁၇၂၃၃

# TP Link ရဲ့ CPE model အသစ်

TP Link ရဲ့ CPE (TL-WA 5210G) model အဟောင်းက 2.4 GHz နဲ့ အလုပ်လုပ်ပြီး ကြိုးမဲ့ဆက်သွယ်မှု 54 Mbps အထိပဲ support လုပ်ပါတယ်။ အခု model အသစ် TL-WA 7510N က wireless N 150 Mbps အထိ support လုပ်ပြီး 5GHz band ကို သုံးထားတဲ့ outdoor wireless access point ဖြစ်ပါတယ်။ အကွာအဝေးအနေ နဲ့က ကိုယ်သုံးစွဲတဲ့ wireless standard ပေါ်မူတည်ပြီး ကွာခြားနေပါတယ်။ 802.11 b - 11 Mbps သုံးခဲ့ရင် 3.96 KM အထိရမှာ ဖြစ်ပေမယ့် 802.11g 54 Mbps ဆိုရင် ၃၆၀ မီတာအထိပဲ ဆက်သွယ်နိုင်ပါတယ်။ တစ်ခုရှိတာက အဲဒီ CPE နဲ့တွဲသုံးမယ့် Omni antenna မရောက်သေးတဲ့အတွက် Directional (point to-point တိုက်ရိုက်) ပဲ ဆက်နိုင်ပါတယ်။ ■




တန်ဖိုး – ၆၅,၀၀၀ ကျပ်ဝန်းကျင် (cat 6 cable 15 meter) + CPE
– ၆၀,၀၀၀ ကျပ်ဝန်းကျင် (CPE only)
– ၁၀,၀၀၀ ကျပ်ဝန်းကျင် (cat 6 cable 15 meter only)

**Neo Tech computer**

၃၉၈၁၉၉၊ ၇၁၀၇၅၂ ၊ ၉၁၀၁၉၅၆၀

# SATA3 သုံးနိုင်တဲ့ hard drive



Hard drive တွေဟာ အခုထိ ဈေးပြန်မကျသေးပါဘူး။ အထူးသဖြင့် အသုံးများတဲ့ 500GB hard drive တွေက ၇၀,၀၀၀ ဝန်းကျင်မှာ ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် 1TB တွေ၊ 2TB တွေကို တန်တယ်ဆိုတိုင်း ဝယ်သုံးလို့မဖြစ်တဲ့အတွက် 500GB hard drive တွေက လက်ရှိအချိန်မှာ အသုံးအများဆုံး ဖြစ်နေပါတယ်။ 500GB hard drive တွေထဲမှာ အခု ဖော်ပြထားတဲ့ Western Digital ရဲ့ WD5000 AAKX hard drive ဖြစ်ပါတယ်။ 500GB hard drive ကို အထူးအဆန်းလုပ်ရေးနေတာ အဲဒီ drive က SATA3 600 Mbp hard drive တွေဖြစ်နေလို့ပါ။ Cache ပမာဏ 16MB ပါပါတယ်။

တန်ဖိုး – ၇၀,၀၀၀ ကျပ်ဝန်းကျင်

**Essential computer**

၂၄၈၂၂၁၊ ၃၈၇၃၁၀

---




# Samsung blu-ray combo

Blu-ray ဖတ်လို့ရပြီး DVD တွေဖတ်လို့၊ ရေးလို့ရတဲ့ blu-ray combo drive ဖြစ်ပါတယ်။ BD-ROM blu-ray ROM တွေကို 8X နဲ့ဖတ်နိုင်ပြီး disc cover ဘက်ခြမ်းပေါ်မှာ ရေးတာမှတ်တာတွေလုပ်ဖို့ light scribe လုပ်ဆောင်ချက်ပါပါတယ်။ အဲဒီလို disc တွေရဲ့ မျက်နှာပြင်ပေါ်မှာ ရေးမှတ်ဖို့ light-scribe နည်းပညာသုံး ရေးမှတ်ဖို့ light scribe ရေးနိုင်တဲ့ disc တွေ လိုပါမယ်။

တန်ဖိုး – ၈၀,၀၀၀ ကျပ်ဝန်းကျင်

**Essential computer**

၂၄၈၂၂၁၊ ၃၈၇၃၁၀

---

# BELKIN surge protector (essential series)




Life time warranty ဖြစ်ပြီး essential series surge protector ဖြစ်ပါတယ်။ ပလပ်ပေါက်မှာ တိုက်ရိုက်ထိုးပြီး အသုံးပြုရတဲ့ surge cube ဖြစ်ပါတယ်။ ပလပ်ခေါင်းမျိုးစုံနဲ့လည်း တွဲဖက်အသုံးပြုနိုင်ပါတယ်။ အိမ်ရဲ့ ပလပ်ပေါက်ကနေ တိုက်ရိုက်အသုံးပြုချင်သူတွေအတွက် အဆင်ပြေစေနိုင်မယ့်ပစ္စည်းပဲ ဖြစ်ပါတယ်။

တန်ဖိုး – ၅,၇၀၀ ကျပ်ဝန်းကျင်

**Micro computer Co.,Ltd.**

၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၃၉၈၈၆၆၊ ၃၉၈၈၆၇

# USB 3.0 PCI-e expansion card



ကိုယ့်ရဲ့ computer မှာ USB 3.0 သုံးလို့မရဘူးဆိုရင် USB 3.0 support လုပ်တဲ့ expansion card ဝယ်သုံးသင့်ပါတယ်။ အခုဖော်ပြထားတာက trandnet ရဲ့ expansion card လေးဖြစ်ပြီး PCIe X1 slot မှာ တပ်သုံးရပါမယ်။ USB port ၂ ခုသုံးနိုင်ပြီး USB 2.0 နဲ့လည်း compatible ဖြစ်ပါတယ်။ နယ်စပ်က card တွေထက်စာရင် အရည်အသွေးလည်း ပိုမြင့်ပြီး ဈေးနှုန်းလည်း ပိုမြင့်နေပါတယ်။

တန်ဖိုး – 41 USD

R.I.T computer

၂၅၀၀၂၁၊ ၃၈၉၄၆၂

# MSI CX 480-i3




MSI ရဲ့ CX480-i3 laptop မှာ Intel Sandy Bridge Core i3 (2310M) 2.1GHz CPU ကို အသုံးပြုထားပါတယ်။ ၎င်းအပြင် Intel HM65 Express Chipset DDR3 2GB 1333MHz (Max: 8GB) နဲ့ 640GB SATA (7200 RPM) တို့ ကိုလည်း ထည့်သွင်းပေးထားပါတယ်။ CX 480-i3 မှာ DVD SuperMulti drive ကို တပ်ဆင်ထားပြီး ၁၄ လက်မအရွယ် မျက်နှာပြင်ပါရှိကာ resolution ကတော့ 1366 x 768 ဖြစ်ပါတယ်။ အဲဒီ မျက်နှာပြင် က LED backlight နည်းပညာ အသုံးပြုထားတဲ့ HD display ဖြစ်ပါတယ်။ 6-in-1 card reader ၊ USB 3.0 ၊ SRS PC sound HDMI နဲ့ bluetooth3.0 တို့လည်း ပါဝင်ပါသေးတယ်။ Connection ပိုင်းအတွက်ဆိုရင်တော့ 10/100/1000 Mbps LAN အပြင် WLAN 802.11 b/g/n ပါဝင်ပါတယ်။

Auto Power Switch တပ်ဆင်ထားတဲ့အတွက် laptop အဖုံးကို ဖွင့်လိုက်တာနဲ့ Windows တက်လာမှာဖြစ်ပြီး data တွေ ပျက်ဆီးဆုံးရှုံးတာကနေ ကာကွယ်ပေးမယ့် One Key Recovery technology၊ ကိုယ်အသုံးပြုတဲ့နေရာရဲ့ အလင်းအမှောင်ကို အလိုအလျောက်ချိန်ညှိပေးနိုင်မယ့် Auto Brightness နည်းပညာတို့လည်းပါဝင်ပါတယ်။ Battery ကတော့ 6 cells/ 2.2 Kg ဖြစ်ပြီး battery life( bench mark )က ၆.၅ နာရီဖြစ်တာကြောင့် သုံးရတာအဆင်ပြေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သူ့မှာ battery သက်တမ်းကို ၇ နာရီခွဲ လောက်ထိခံအောင် ဆွဲသုံးနိုင်မယ့် eco system လည်းပါဝင်ပါတယ်။

တန်ဖိုး – ၄၆၄,၀၀၀ ကျပ်ဝန်းကျင်

Royal Smart CO LTD

၂၂၇၇၈၁ ၊ ၂၁၈၀၄၁

# NEC VersaPro type VX notebook computer

Window7 Professional 32-bit ကို install လုပ်ထားပြီး Intel 2nd Generation Core ™ i5-2520 processor ကိုအသုံးပြုထားလို့ စွမ်းဆောင်ရည်ရည်မြင့် notebook တစ်လုံးဖြစ်ပါတယ်။ အကြမ်းခံတဲ့အပြင် မတော်တဆရေစိုခဲ့ရင်တောင် ပျက်ဆီးမှုမရှိပါဘူး။ Memory အနေနဲ့ DDR3-SDRAM PC3-10600 ထည့်သွင်းပေးထားပြီး 2 GB ၊ 4 GB နဲ့ 8 GB ထဲကကြိုက်တာကို ရွေးချယ်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ DVD super multidrive တပ်ဆင်ထားပြီး 15.6" အရွယ် LCD display ပါဝင်ကာ resolution ကတော့ 1366 x 768 pixels ဖြစ်ပါတယ်။ USB 2.0 port ၅ ခု ပါဝင်တဲ့အပြင် Mini D-sub 15 pin တစ်ခု ၊ HDMI port တစ်ခုတို့ကိုလည်း ထည့်သွင်းပေးထားပါသေးတယ်။ Power ပိုင်းအနေနဲ့ ECO button တစ်ခုပါဝင်ပြီး ပတ်ဝန်းကျင်ရဲ့ အလင်းရောင်ပေါ်မူတည်ကာ screen ရဲ့ brightness ကို အလိုအလျောက်ချိန်ညှိပေးနိုင်တဲ့ brightness sensor တစ်ခုပါဝင် ပါတယ်။ VersaPro type VX မှာ built-in ethernet LAN နဲ့ wireless LAN တို့က ကောင်းမွန်တဲ့ network connection ကိုရရှိစေမှာဖြစ်ပါတယ်။




တန်ဖိုး – ၁,၀၃၅ ဒေါ်လာဝန်းကျင်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

# Acer liquid metal

အရည်အသွေးကောင်းကောင်း GSM သုံးချင်သူတွေအတွက် Acer က ထုတ်လိုက်တဲ့ smart phone နောက်တစ်မျိုးကတော့ liquid metal ပဲ ဖြစ်ပါတယ်။ Android 2.2 (Froyo) ကိုသုံးထားပြီး Android version 2.3 အထိ upgrade လုပ်နိုင်ပါတယ်။ Processor အနေနဲ့ Qualcomm 7230 ၊ 800MHz ကို သုံးထားပါတယ်။ ROM 512 MB နဲ့ RAM 512 MB သုံးထားလို့ အလုပ်ကောင်းကောင်း လုပ်နိုင်ပါတယ်။ Display က 3.6" WVGA capacitive ဖြစ်ပြီး touch screen မှာလည်း လျင်မြန်စွာတုံ့ပြန်နိုင်တဲ့ touch screen ပါရှိပါတယ်။ Sensor တွေအနေနဲ့ကတော့ accelerometer ၊ proximity ၊ e-compass ၊ ambient light စတာတွေ ပါဝင်ပြီး GPS သုံးနိုင်ပါမယ်။

နေ့စဉ် ကိုယ့်ပတ်ဝန်းကျင်က activity တွေကို မှတ်တမ်းတင်ဖို့ camera 5MP ပါဝင်ပြီး autofocus ချိန်ပေးလို့ အဆင်ပြေတဲ့အပြင် Wi-Fi ၊ bluetooth တွေကိုလည်း သုံးနိုင်ပါတယ်။ Free Gift Micro SD 8GB ပါဝင်လို့ data အမြောက်အမြားသိမ်းချင်သူတွေအတွက် အဆင်ပြေပါတယ်။ Acer ရဲ့ Clear eye-fi လည်း ပါဝင်ပြီး Facebook ၊ Twitter ၊ YouTube တို့လည်း built-in ထည့်ပေးထားပါမယ်။ Video recording HD 720p@30Dfps ၊ dolby mobile တွေကတော့ special feature အဖြစ် ပါဝင်ပါတယ်။ Battery 1500mAh သုံးထားလို့ တစ်ဆက်တည်းအသုံးပြုမယ်ဆိုရင် ၆ နာရီကျော် အသုံးခံပါတယ်။




ဈေးနှုန်း – ၃၀၂,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃ ၊ ၂၁၇၂၃၃